# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

February 2 , 2024 Volume 75, Number 2

၂.၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၅၇ US$ |
| မြန်မာ့ရွှေဈေး | = ၃၈၆၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၅၄၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၅၂၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၂.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၈၀.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၄.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၅၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၄၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၅၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၄.၅၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၅၁၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## ထိုင်းနိုင်ငံမှ မြန်မာ့ဆေးရွက်ကြီး တစ်ကီလို ဘတ် ၂၅၀ အထိ ဈေးပေးဝယ်



ကရင်ပြည်နယ်ထွက် တပိုင်တနိုင်စီးပွားရေးဖြစ်တဲ့ မြန်မာ့ဆေးရွက်ကြီး ဒေသအခေါ် ခားလိုးဆေးတွေကို ထိုင်းနိုင်ငံက ဈေးကောင်းပေးဝယ်နေတယ်လို့ ဆေးရွက်ကြီးစိုက် တောင်သူတွေရဲ့ ပြောပြချက်အရ သိရပါတယ်။

တစ်ဧကအထွက်နှုန်း ၃၂၄ ပိဿာအထိထွက်ရှိပြီး မြဝတီခရိုင်၊ စုကလိဒေသ ပေါက်ဈေးအနေနဲ့ တစ်ကီလိုဈေး ထိုင်းဘတ်ငွေ ၂၅၀ အထိ ဈေးကောင်းရရှိနေပါတယ်။

ဒီနှစ်မှာတော့ အရင်နှစ်ထက် ဈေးပိုရပါတယ်။ အရင်နှစ်ကတော့ လုပ်အားခဖယ်ပြီး တစ်ကီလိုဈေး ဘတ် ၂၀၀ ပေါ့ အခုနှစ်ကတော့ အလုပ်သမားခဖယ်ပြီး တစ်ကီလို ထိုင်းဘတ်ငွေ ၂၅၀ ရရှိတာကြောင့် တော်တော်လေး အဆင်ပြေတယ်လို့ ဆေးရွက်ကြီးစိုက် တောင်သူတစ်ဦးက ပြောပါတယ်။

ဆေးရွက်ကြီးပင်တွေကို မြစ်နားချောင်းနား ကမ်းနားတွေက သဲနုန်းမြေတွေပေါ်မှာ အစေ့ချစိုက်ပျိုးကြပြီး အပင်ပေါက်သက်တမ်း ၂ ပတ်ခန့်အကြာမှာ အပင်ပေါက်စုံပြီဖြစ်လို့ တစ်ပင်တစ်ကျင်းနှုန်း ပြောင်းရွှေ့စိုက်ပျိုးရတာပါ။

အပင်သက်တမ်း ၆ လကနေ ၇ လအကြာတွင် ခူးဆွတ်လှီးဖြတ် အခြောက်ခံပြီး ဈေးကွက်ကို တင်ပို့ရောင်းချကြပါတယ်။

မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိတဲ့ ဆေးရွက်ကြီးတွေကို ထိုင်းနိုင်ငံက ဆေးဝါးထုတ်လုပ်တဲ့ နေရာတွေနဲ့ ဓာတ်မြေသြဇာထုတ်လုပ်တဲ့နေရာတွေမှာ သုံးစွဲလေ့ရှိပါတယ်။

ဆေးရွက်ကြီးကို မကွေး၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့က ဧရာဝတီမြစ်နဲ့ ချင်းတွင်းမြစ်ဘေးမှာရှိတဲ့ မြစ်ရေဝင်သောကိုင်းကျွန်းမြေနုတွေမှာ ဒေသစီးပွားအဖြစ် အများဆုံးစိုက်ပျိုးကြပါတယ်။

ဆေးရွက်ကြီးအမျိုးအစားတွေဖြစ်တဲ့ ဗာဂျီးနီးယား (ခေါ်) ကုလားဆေးရွက်နဲ့ မြန်မာ့ဆေးရွက်ကြီးနှစ်မျိုးကို နှစ်စဉ်နှစ်တိုင်း စိုက်ပျိုးပြီး မြန်မာဆေးရွက်ကြီးကို အများဆုံးစိုက်ပျိုးကြပါတယ်။

ဆေးရွက်ကြီးကို ဆေးလိပ်ခုံတွေ၊ ကွမ်းယာဆိုင်တွေမှာ ကွမ်းစားဆေးအဖြစ်အသုံးပြုကြပြီး အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ ဓာတ်မတည့်ခြင်းတွေကို ပျောက်ကင်းစေတဲ့ အာနိသင်ရှိပါတယ်။

ယခုနှစ်ပိုင်းအတွင်း ဆေးလိပ်ခုံလုပ်ငန်းတွေ နည်းပါးသွားခြင်း၊ ကုန်ကြမ်းဝယ်ယူသုံးစွဲမှု နည်းပါးသွားခြင်းနဲ့ ဝယ်လိုအားနည်းပြီး ဈေးကွက်မရှိခြင်းတို့ကြောင့် ဆေးရွက်ကြီးစိုက်ပျိုးမှုလုပ်ငန်းများ လျော့နည်းသွားပါတယ်။

**Source: BETV Business**

## ရန်ကုန်၌ 92 တစ်လီတာ ၂၇၆၅ ကျပ်အထိ မြင့်တက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်သုံးဆီ ရည်ညွှန်းလက်ကားဈေးနှုန်း 92 တစ်လီတာလျှင် ၂၇၆၅ ကျပ်အထိ မြင့်တက်လာကြောင်း စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ ယနေ့(ဖေဖော်ဝါရီ ၂ ရက်) ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ စက်သုံးဆီရည်ညွှန်းလက်ကားဈေးနှုန်းများမှာ ယနေ့တွင် 92 တစ်လီတာ ၂၇၆၅ ကျပ်၊ 95 တစ်လီတာ ၂၈၉၀ ကျပ်၊ ဒီဇယ်တစ်လီတာ ၂၅၅၅ ကျပ်ဖြစ်ပြီး၊ ယမန်နေ့(ဖေဖော်ဝါရီ ၁ ရက်) တွင် 92 တစ်လီတာ ၂၇၀၅ ကျပ်၊ 95 တစ်လီတာ ၂၈၄၅ ကျပ်၊ ဒီဇယ်တစ်လီတာ ၂၄၅၀ ကျပ်ရှိခဲ့သည်။

"ဆီဈေးကတက်တယ်၊ ကျွန်တော်တို့ကားခတွေက ဆီဈေးတက်သလိုမျိုး ဆီဈေးကျသလိုမျိုး လုပ်လို့မှမရတာ။ ဆီဈေးတက်တာနဲ့ပတ်သက်လို့တော့ မှတ်ချက်မပေးချင်ပါဘူး။ ဒါပေမဲ့ ဆီဈေးတက်တယ်၊ ဆက်စပ်ပစ္စည်းတွေတက်တယ်၊ ကျွန်တော်တို့ခံစားခွင့်ရှိတဲ့ ကားခတွေသာ မတက်တာ။ ဆီဈေးတက်တော့ ခံစားခွင့်တွေ ဆီဈေးထဲရောက်သွားတာပေါ့" ဟု ကုန်စည်ပို့ဆောင်ရေးလုပ်ကိုင်သူ လုပ်ငန်းရှင်တစ်ဦးက စံတော်ချိန်ဒစ်ဂျစ်တယ်သို့ ပြောသည်။

စက်သုံးဆီဈေးနှုန်းမြင့်တက်လာခြင်းကြောင့် ကုန်စည်ပို့ဆောင်ရေးလုပ်ကိုင်သူများ၊ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများနှင့် ကားအငှားဝန်ဆောင်မှုလုပ်ကိုင်သူများ၊ တက္ကစီအငှားယာဉ်မောင်းများ အခက်အခဲ ကြုံတွေ့လျက်ရှိကြောင်းသိရသည်။

Source: [https://t.me/sdtimedaily](https://t.me/sdtimedaily)

## ပဲစင်းငုံ၊ မတ်ပဲနှင့် မြေထောက်ပဲတို့ စံချိန်တင် အမြင့်ဈေးဖြင့် ဝယ်ယူနေ



ပို့ကုန် ပဲစင်းငုံ၊ မတ်ပဲနှင့် မြေထောက်ပဲ စံချိန်တင်အမြင့်ဈေး ဖြင့် ဝယ်ယူနေကြောင်း ပဲ၊ နှမ်း ကုန်သည်များထံက သိရသည်။

စံချိန်တင် ဈေးမြင့်တက်နေသည့် ပဲစင်းငုံကို တရုတ်ဝယ်လက်အချို့ ဝင်ရောက်ဝယ်ယူမှုကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃,၇၀,၀၀၀ အထိ စံချိန်တင်ပေါက်ဈေးဖြစ်လာခြင်းဖြစ်သည်။

ပို့ကုန်ပဲများဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံနှင့် မြေထောက်ပဲတို့ မှာ အိန္ဒိယတင်ပို့ရန် ဝယ်လိုအားကောင်းနေပြီး စံချိန်တင်အမြင့် ဈေးတွေဖြစ်လာကြောင်း၊ နှမ်းမျိုးစုံမှာလည်း ယခင်သီတင်းပတ်ထက် တစ်အိတ်လျှင် ငွေကျပ် ၁၀,၀၀၀-၁၅,၀၀၀ ဝန်းကျင်အထိ ဈေးမြင့်တက်၊ အဝယ်လိုက်နေကြောင်း၊ မြေပဲဆန်မှာ တရုတ်လိုင်းသို့ အနည်းငယ်တင်ပို့နေရာ ဈေးမြင့်တက်လာပြီး တရုတ်နိုင်ငံမှဝင်ရောက်သည့် ကနေဒါစားတော်ပဲမှာ ဈေးကျဆင်းလာကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်ကပြောသည်။

“ဇန်နဝါရီလကုန်ရက်များ က တရုတ်လှောင်လက်သမားတစ်ဦး ပဲစင်းငုံဝယ်ယူမှုရှိလို့ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃,၇၀,၀၀၀ ဈေးနှင့် အိတ်ရေ တစ်သောင်းခန့်ဝယ်ယူသွားပါတယ်။ လှောင်လက်သမား အဝယ်ရပ်သွားတော့ ယနေ့ ငွေကျပ် ၃,၆၅,၀၀၀ ကို ပြန်ကျသွားပါတယ်။ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃,၈၅,၀၀၀ ထိ ပေါက်ဈေးဖြစ်လာပြီး ပို့ကုန်သမားတွေ အဝယ်ကောင်းနေပါတယ်။ ပဲစင်းငုံနဲ့မြေထောက်ပဲ နှစ်မျိုးကတော့ စံချိန်တင်ဈေးကောင်းနေသလို အခြားပြည်တွင်း ပဲမာလိုင်းများလည်း အမြင့်ဈေးဖြစ်နေပါတယ်။ နှမ်းမျိုးစုံဈေးမှာလည်း တစ်ရက်တစ်ဈေးဖြင့် ဈေးမြင့်တက်နေပါတယ်။ ပဲ၊ နှမ်းဈေးကွက်အတွင်းကို အသစ်ဝင်ပဲများ အလုံးအရင်းဖြင့် ဝင်ရောက်မှုမရှိလို့ ဈေးကွက်ကျဆင်းစရာမရှိပါဘူး။ ပို့ကုန်ပဲတွေအကုန်လုံး ဈေးအမြင့်နဲ့အရောင်းအဝယ်သွက်နေသလို အသစ်ဝင်ပဲမာလိုင်းတွေလည်း လိုက်ပါဈေးကောင်းနေပါတယ်”ဟု ၎င်းကပြောသည်။

ဖေဖော်ဝါရီ ၁ ရက်တွင် မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃,၁၀,၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၃,၆၅,၀၀၀–၃,၆၈,၀၀၀ စံချိန်တင်ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းအညာတစ်အိတ်လျှင် ငွေကျပ် ၂,၀၀,၀၀၀ ပေါက်ဈေးဖြင့် ဈေးမြင့်တက်လာသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အနည်းငယ်ဈေးကျဆင်းနေပြီး ဖေဖော်ဝါရီ ၁ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၃,၀၅,၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂,၈၇,၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃,၉၀,၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄,၈၀,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃,၈၅,၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၃,၅၀,၀၀၀၊ ကနေဒါစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၂,၅၀,၀၀၀၊ မြေပဲအနီ လုံးဆန်(မြင်းမူ) တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀–၈၈၀၀ ပေါက်ဈေး မြင့်တက်လာသည်။

ဖေဖော်ဝါရီ ၁ ရက်တွင် နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄,၁၅,၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃,၂၅,၀၀၀၊ နှမ်းဝါတစ်အိတ်လျှင် ငွေကျပ် ၃,၃၀,၀၀၀၊ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၄,၀၅,၀၀၀ အသီးသီး ပေါက်ဈေးမြင့်တက်လာကြောင်း သိရသည်။

Source: **မကွေးဂျာနယ်**

## နှမ်းမျိုးစုံ တစ်လအတွင်း ၃၅,၀၀၀ မှ ၈၀,၀၀၀ ကျပ်မြင့်တက်




ပြည်တွင်း နှမ်းမျိုးစုံ ဈေးကွက်ထဲကို နှမ်းဝင်ရောက်မှုနည်းလာတဲ့အပြင် တရုတ်ကလည်း အဝယ်ရှိနေတာကြောင့် နှမ်းဈေးကွက်က ဆက်တိုက်မြင့်တက်လာနေတယ်လို့ ကုန်စည်ဒိုင်တွေကသိရပါတယ်။

နှမ်းနက်စမုန်အပါအဝင် နှမ်းမျိုးစုံဈေးကွက်သည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ စကတည်းက ဈေးဆက်တိုက်တက်လာတာဖြစ်ပြီး ဇန်နဝါရီလ ၁ ရက်နေ့မှ ဇန်နဝါရီလ ၁၄ ရက်အတွင်း နှမ်း ၄၅ ပိဿာ တစ်အိတ်ကို ၁၅,၀၀၀ ကျပ်မှ ၃၀,၀၀၀ ကျပ်လောက်အထိ မြင့်တက်လာကာ ဇန်နဝါရီ ၁၅ ရက်မှ ဇန်နဝါရီ ၃၁ ရက် (လကုန်)အထိမှာလည်း နှမ်း ၄၅ ပိဿာ တစ်အိတ်ကို ၂၀,၀၀၀ မှ ၅၀,၀၀၀ ကျပ်အထိ ထပ်မံမြင့်တက်လာတာဖြစ်ပါတယ်။

ဇန်နဝါရီတစ်လအတွင်းမှာဆိုရင် နှမ်းမျိုးစုံ ၄၅ ပိဿာ တစ်အိတ်ကို ၃၅,၀၀၀ မှ ၈၀,၀၀၀ ကျပ် ဝန်းကျင်မြင့်တက်လာခြင်းဖြစ်ပါတယ်။ "အခုနှမ်းက မိုးနှမ်းကတုန်းနေပြီ ၊ အညာနှမ်းပဲပေါ်နေတယ်၊ အညာနှမ်းကလည်း အဝင်နည်းနေတော့ ဈေးကတက်လာတာပေါ့။ နှမ်းအဝင်နည်းတာနဲ့ တရုတ်ကအဝယ်လိုက်တာဆိုတော့ ဈေးကတက်လာနေတာပါ" လို့ နှမ်းကုန်သည်တစ်ဦးက သုံးသပ်ပါတယ်။

ဇန်နဝါရီလ ၁၄ ရက်နေ့က မန္တလေး ကုန်စည်ဈေးကွက်မှာ နှမ်းနက်စမုန်က ၄၅ ပိဿာကို ၃,၄၀,၀၀၀ ကျပ်မှ ၃,၈၀,၀၀၀ ကျပ်၊ နှမ်းဖြူဂျပန်က ၃,၉၀,၀၀၀ ကျပ်မှ ၄,၀၀,၀၀၀ ကျပ်၊ နှမ်းဖြူရိုးရိုးကလည်း ၃,၅၀,၀၀၀ ကျပ်မှ ၃,၆၅,၀၀၀ ကျပ်

ဈေးပေါက်ပြီး နှမ်းညိုက ၂,၉၅,၀၀၀ ကျပ်မှ ၃,၁၀,၀၀၀ ကျပ် ဈေးရှိခဲ့ပါတယ်။

လက်ရှိဇန်နဝါရီလနောက်ဆုံးပတ် မန္တလေးကုန်စည်ဈေးကွက်မှာတော့ နှမ်းနက်စမုန်က ၄၅ ပိဿာကို ၃,၆၅,၀၀၀ မှ ၄,၃၀,၀၀၀ ကျပ်၊ နှမ်းဖြူဂျပန်က ၄,၁၀,၀၀၀ မှ ၄,၂၀,၀၀၀ ကျပ်၊ နှမ်းဖြူရိုးရိုးကလည်း ၃,၆၀,၀၀၀ မှ ၃,၈၅,၀၀၀ ကျပ်ဈေးပေါက်ပြီး နှမ်းညိုကလည်း ၃,၁၇,၀၀၀ မှ ၃,၂၀,၀၀၀ ကျပ် ဈေးပေါက်လာပါတယ်။

အောင်လံကုန်စည်ဒိုင် ဈေးကွက်မှာလည်း နှမ်းနက်စမုန်(အက်ဆစ်လွတ်) ၄၅ ပိဿာကို ၃,၆၀,၀၀၀ ကျပ်မှ ၃,၈၀,၀၀၀ ကျပ် အက်ဆစ်မလွတ်တဲ့ နှမ်းနက်စမုန်က ၃,၅၀,၀၀၀ ကျပ်ရှိကာ နှမ်းဖြူ ၄၅ ပိဿာကို ၃,၃၅,၀၀၀ ကျပ် ဈေးတန်းရှိလာပြီး တစ်အိတ်ကို ၃၅,၀၀၀ ကျပ်လောက် ထပ်တက်လာတာ ဖြစ်ပါတယ်။

နှမ်းကို ပြည်ပတင်ပို့မှုအနေနဲ့ တရုတ်ကိုသာ အဓိကတင်ပို့ရောင်းချရတဲ့အတွက် တရုတ်ရဲ့ နှမ်းလိုအပ်ချက်၊ ဝယ်လိုအား အပေါ်လိုက်ပြီး ပြည်တွင်း နှမ်းဈေးကွက်က အတက်အကျဖြစ်ပေါ်နေတာဖြစ်ပါတယ်။ ပြည်တွင်းဒေါ်လာဈေး အတက်အကျ၊ ပို့ကုန်မူဝါဒ အပြောင်းအလဲတွေကြောင့်လည်း ဈေးကစားတာတွေရှိတတ်တယ်လို့ ကုန်သည်တွေကဆိုပါတယ်။

နှမ်းကိုတော့ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းမှာ အဓိကစိုက်ပျိုးပြီး ပြည်တွင်းစားသုံးမှုအနေနဲ့ ဆီကြိတ်ခွဲခြင်း ၊ မုန့်လုပ်ငန်းတွေမှာပဲ အသုံးပြုမှုရှိနေပါတယ်။

လက်ရှိမှာတော့ နှမ်းမျိုးစုံ ဈေးမြင့်တက်လာမှုနဲ့အတူ မန္တလေးကုန်စည်ဒိုင်၊ အောင်လံကုန်စည်ဒိုင် ဈေးကွက်အပါအဝင် နယ်ကုန်စည်ဒိုင်တွေအားလုံးမှာလည်း နှမ်းမျိုးစုံ အရောင်းအဝယ်သွက်နေတယ်လို့ သိရပါတယ်။

**Source: AMIA**

https://t.me/htwettoe

## တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့တွင်ကျင်းပမည့် ပရိဘောဂကုန်စည်ပြပွဲ




တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့ရှိ ကိုရီးယား ပရိဘောဂ လုပ်ငန်းစုများအသင်းချုပ် (Korea Federation of Furniture Industry Cooperatives- KFFIC) က ကြီးမှူး၍ ၂၀၂၄ ခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့တွင် ပရိဘောဂ ကုန်စည်ပြပွဲ (၂) ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

KFFIC က ၂၀၂၄ ခုနှစ်အတွင်း စီစဉ်ကျင်းပသွားမည့် ပရိဘောဂကုန်စည်ပြပွဲများမှာ ဆိုးလ်မြို့ နိုင်ငံတကာပရိဘောဂများနှင့် လူ့ဘဝနေထိုင်မှုပုံစံများပြပွဲ (Seoul International Furniture and Lifeshow- SOFURN&LIFE SHOW) နှင့် ကိုရီးယားနိုင်ငံတကာ ပရိဘောဂနှင့် အခန်းတွင်းပြင်ဆင်မှုများပြပွဲ (Korea International Furniture and Interior Fair- KOFURN) တို့ဖြစ်သည်။

SOFURN & LIFESHOW ကို ဆိုးလ်မြို့ရှိ ညီလာခံနှင့်ပြပွဲကျင်းပရေးစင်တာ (Convention & Exhibition Center- COEX) တွင် ၂-၅-၂၀၂၄ မှ ၅-၅-၂၀၂၄ ရက်နေ့ အထိ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ပြပွဲတွင် အိမ်သုံး၊ ရုံးခန်းသုံး ပရိဘောဂများ၊ အနုပညာပြခန်းသုံး ပရိဘောဂပစ္စည်းများ၊ အလှပြင်ဆိုင်နှင့်ကျန်းမာရေးဆိုင်ရာ အားကစားခန်းမသုံးပစ္စည်းများ၊ ရုံးသုံးပရိဘောဂများနှင့်အလှဆင်ပစ္စည်းများ၊ အတွင်းခန်းအလှဆင်ပစ္စည်းများ၊ အပန်းဖြေခရီးသွားရာတွင်သုံးသည့် ပရိဘောဂများ၊ နေအိမ်ဥယျာဉ်ခြံမြေသုံးပစ္စည်းများနှင့် ပရိဘောဂများကို ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း ဖိတ်ကြားစာတွင် ဖော်ပြပါရှိသည်။

KOFURN ကို ဆိုးလ်မြို့အနီးရှိ ကိုရီးယားနိုင်ငံတကာပြပွဲများစင်တာ (Korea International Exhibition Center- KINTEX) တွင် ၂၉-၈-၂၀၂၄ ရက်နေ့မှ ၁-၉-၂၀၂၄ ရက်နေ့အထိ ကျင်းပမည်ဖြစ်ကြောင်းနှင့် ပြပွဲတွင် အိမ်သုံး၊ ရုံးခန်းသုံးပရိဘောဂများ၊ မီးဖိုချောင်သုံး ပရိဘောဂပစ္စည်းများ၊ အနုပညာပြခန်းသုံး ပရိဘောဂပစ္စည်းများ၊ သစ်ပရိဘောဂများ ထုတ်လုပ်သည့်စက်များ၊ ကုန်ကြမ်းပစ္စည်းများကို ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ ပို့ကုန်တင်ပို့လိုသည့် ပရိဘောဂလုပ်ငန်းရှင်များအနေဖြင့် ပါဝင် တက်ရောက်လိုပါက Mr. Jacob Lee ၊ Manager ဖြစ်သူ၏ Email: mumu9376@kffic.kr နှင့် Whatsapp +82-10-2615-1153 တွင် အမည်စာရင်း တင်သွင်းမှုပုံစံတွင်ဖြည့်စွက်၍ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ Email : event.td.myantrade@gmail. com၊ ဖုန်းနံပါတ် ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ တို့သို့ မိတ္တူပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

Source: ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ

## STOCK EXCHANGE (2.2.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 2nd Feb. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,652 (Shares) | 57,869,400 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | -100 | -1.15% | 8,700 | 8,700 | 8,600 | 2,895 | 24,911,200 | 33,109,694 | 284,743 |
| MTSH | 00002 | 2,950 | +50 | +1.72% | 2,900 | 2,950 | 2,900 | 407 | 1,190,600 | 38,929,150 | 114,841 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 70 | 560,000 | 10,400,986 | 83,208 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,550 | 1,013 | 1,570,150 | 29,664,613 | 45,980 |
| TMH | 00005 | 2,400 | -100 | -4.00% | 2,500 | 2,500 | 2,400 | 101 | 247,500 | 12,823,224 | 30,776 |
| EFR | 00006 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,900 | 67 | 127,300 | 19,977,223 | 37,957 |
| AMATA | 00007 | 4,800 | +100 | +2.13% | 4,700 | 4,800 | 4,700 | 30 | 141,900 | 10,497,598 | 50,389 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 69 | 120,750 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 2nd Feb. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 365.58 | -0.85 | -0.23% | 366.43 | 367.34 | 364.67 | 4,652 | 28,869,400 | 8 | 689,553 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 12:30 pm, 5th Feb. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,486 (Shares) | 10,792,900 (MMK) |

| MYANPIX | 364.12 ▼ 1.46 |
|---|---|
| Total Volume (shares) | 2,486 |
| Total Value (MMK) | 11 mil |
| Listed Company | 8 |
| Market Cap. (MMK) | 686,799 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 2,900 | ▼ 50 |
| MCB | 00003 | 7,900 | ▼ 100 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 100 |
| EFR | 00006 | 1,900 | ▲ 0 |
| AMATA | 00007 | 4,700 | ▼ 100 |
| MAEX | 00008 | 1,750 | ▲ 0 |